ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်

ညောင်တုန်းမြို့နယ်

ကျုံတမာကျေးရွာအုပ်စု၊ ဖောင်ရိုးချောင်းကျေးရွာ



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၁၉-၂၀၂၀)

(ကျေးရွာ၏လက်ရှိအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(ညောင်တုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၆

ဖောင်ရိုးချောင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ညောင်တုန်းမြို့နယ် ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

၁၂

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၂၀

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ် ကျသောချိတ်ဆက်မှုများ

၂၂

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၄

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ

၂၈

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၁

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၄

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) **ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းစီရိယာ**

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂

စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ

ဇယား ၂၃ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှု အတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ် မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၂၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၂၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၂၄ **အဖြစ်များသော** ရောဂါများ
ဇယား ၂၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံးမှု
ဇယား ၂၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၂၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၂၈ အိမ်သာ အမျိုးအစား
ဇယား ၂၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ(၂)
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့် အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
၈၁
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃)

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

၈၄

ကိုးကားစာရင်း ၈၈

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ခုဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဖောင်ရိုးချောင်းကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင် ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်း ကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ် ဆောင်ရွက် ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုး ရေး အစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာ များ မှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ် သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အတွက်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကို လည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်းနောင်ကာလများတွင်ထပ်မံရရှိသည့်

ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိ နိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက

ဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံချက်ဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက် လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇွန် လ၊ ၂၀၂၀ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖောင်ရိုးချောင်းကျေးရွာ

ညောင်တုန်းမြို့နယ်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို

လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲ

ရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန်ရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့ဖြစ်စေ သော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လို သည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာ များ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေး လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများ အနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏

စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာ စေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များ အနေဖြင့်ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက်သတင်း အချက်အလက်များ ပိုမိုသိရှိ လာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်း မွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲ ထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်း စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့်

လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ညောင်တုန်းမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၅ မိနစ် မှ ၁၇ ဒီဂရီ ၅၅ မိနစ် နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် မှ ၉၅ ဒီဂရီ ၅၅ မိနစ် ကြားတွင်တည်ရှိပါသည်။ အကျယ် အဝန်းအားဖြင့် (၃၄၈.၂၃)စတုရန်းမိုင် (၂၂၂၈၆၈ ဧက)ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၂၂.၃)မိုင်၊ တောင်မှမြောက်သို့(၂၃.၀)မိုင်ရှည်လျားပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၂၀)ပေ အထက်တွင် တည်ရှိပြီး မြစ်ဝကျွန်းပေါ်မြေပြန့် ဒေသဖြစ်ပါသည်။ ချောင်း၊ မြောင်း၊ အင်း၊ အိုင်များ ပေါများပြီး ဧရာဝတီမြစ်၊ ပန်းလှိုင်မြစ်နှင့် ဘောလယ်မြစ်များတည်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် အရှေ့ဘက်တွင် ထန်းတပင်မြို့နယ်နှင့် တွံတေးမြို့နယ်၊ အနောက်ဘက်တွင် ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်၊ တောင်ဘက်တွင် တွံတေးမြို့နယ်နှင့် မအူပင်မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ ထိစပ်လျက်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသဖြစ်ပါ သည်။ ဧပြီလတွင် အမြင့်ဆုံးအပူချိန်မှာ ၄၀ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး အနိမ့်ဆုံးအပူချိန် မှာ ၁၂ ဒီဂရီ စင်တီ ဂရိတ်ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရွာသည့်ရက်မှာ (၁၀၈)ရက်ဖြစ်ပြီး ပျမ်းမျှ မိုးရေချိန်မှာ (၉၄.၉၈)လက်မ ဖြစ်ပါသည်။မိုးရွာသွန်းမှု အများဆုံးကာလမှာ ဇူလိုင်လနှင့် သြဂုတ်လ များဖြစ်ပါသည်။

ဖောင်ရိုးချောင်းကျေးရွာသည် ကျုံတမာကျေးရွာအုပ်စုတွင်ပါဝင်ပြီး မြစ်ဝကျွန်းပေါ် မြေပြန့်ဒေသ ဖြစ်ပါသည်။ ဖောင်ရိုးချောင်း ကျေးရွာသည် ညောင်တုန်းမြို့၏ တောင်ဘက်(၅) မိုင် ကွာဝေးပါသည်၊ ပတ်ဝန်း ကျင်ကျေးရွာများမှာ ရိုးကြီးကျေးရွာ၊ ါးကုန်းချောင်းဖျား ကျေးရွာ ၊ အုန်းပင်စုကျေးရွာ၊ ဥတိုကျေးရွာ တို့ဖြစ်ပါသည်။ ဖောင်ရိုးချောင်းကျေးရွာသည်လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်သည်။ နွေရာသီ စိုက်ပျိုးရေအတွက် အဝီစိတွင်းများမှရရှိနိုင်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျေးရွာတွင် သတ္ထု**တွင်းထွက်ပစ္စည်းများ ထွက်ရှိမှု မရှိပါ။ သို့သော်လည်း သဘာဝ ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ သက်ရင်းကြီး၊ ဆင်တုံးမန္တယ်၊ ကျောက်ကွဲပင်၊ ကြိတ်မံ၊ ရွဲယိုစသည့်အပင်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင် အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။**

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ဖောင်ရိုးချောင်းကျေးရွာတွင် အိမ်ထောင်စု(၄၁၀)စုရှိပြီး၊ လူဦးရေစုစုပေါင်း (၁၆၀၇) ဦး ရှိပါသည်။ **ပျမ်းမျှတစ်အိမ်ထောင်လျှင်(၃.၉)ဦးနှုန်း ရှိသောကြောင့်ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက်လျော့နည်းနေပါသည်။** အသက် (၁၅နှစ်မှ၆၅)အထိ အလုပ်လုပ်နိုင်သော လူဦးရေများမှာ(၆၇ %)ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့် (၆၀)နှစ်နှင့် အထက်လူဦးရေစုစုပေါင်း(၃၃%)သည် မှီခိုသူများ ဖြစ်ကြပါသည်။ ကျေးရွာအတွင်း နေထိုင်သူဦးရေများသောကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် အထောက်အပံ့ရရှိနိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏(၄၀) ရာခိုင်နှုန်းနီးပါးမှာ မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ(၆၀) စု၊ အလယ်အလတ် ရှိသော အိမ်ထောင်စု(၁၈၆)စုရှိပြီး မပြေလည်သောအိမ်ထောင်စုများမှာ (၁၆၀)စု၊ အလွန်မပြေလည်သော အိမ်ထောင်စု များမှာ (၄) စု ရှိကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုများတွင် ပျမ်းမျှအားဖြင့် လယ်(၁၀-၈ကေ) အထက်ပိုင်ဆိုင်ကြပြီး လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှုရှိကာ၊ အိမ်အခြေအနေ အလယ်အလတ် ရှိကြပါသည်။ အလယ်အလတ်ရှိသော

အိမ်ထောင်စုတွင် အိမ်အသင့်အတင့် ပိုင်ဆိုင်မှု ရှိပြီး လယ်မြေပိုင်ဆိုင်မှု အအသင့်အတင့် ရှိကာ စီးပွားရေး အသင့်အတင့်ကောင်းမွန်သော အိမ်ထောင်စု များဖြစ်ကြသည်။ ဆင်းရဲသော အိမ်ထောင်စုများနှင့်အလွန်ဆင်းရဲသောအိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်အခြေအနေ ပိုင်ဆိုင်မှု မရှိခြင်း၊ လယ်မြေအနည်းငယ်သာပိုင်ဆိုင်ခြင်း၊ အချို့အိမ်ထောင်စုတွင်လယ်မြေ ပိုင်ဆိုင်မှု မရှိခြင်း၊ အချို့ဆင်းရဲသော အိမ်ထောင်စုများနှင့်အလွန်ဆင်းရဲသောအိမ်ထောင် စုများတွင် ကောင်းမွန်သောအိမ်အခြေအပိုင်ဆိုင်မှုမရှိခြင်း၊ လယ်မြေအနည်းငယ်သာ ပိုင်ဆိုင်ခြင်း၊ အချို့ အိမ်ထောင်စုတွင်လယ်မြေပိုင်ဆိုင်မှုမရှိခြင်း၊ အချို့ဆင်းရဲသော အိမ်ထောင်စုများနှင့် အလွန် ဆင်းရဲသော အိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်အခြေအပိုင်ဆိုင်မှုမရှိခြင်း၊ လယ်မြေ အနည်း ငယ်သာပိုင်ဆိုင်ခြင်း၊ အချို့အိမ်ထောင်စုတွင်လယ်မြေပိုင်ဆိုင်မှုမရှိသောကြောင့် ကျပန်း လုပ်ကိုင် ကြရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဖောင်ရိုးချောင်းကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု(၁၆၄)စု ရှိသည့်အနက်(၁၀)အိမ် ထောင်စုမှာ (၃လ)အောက်ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင်ပြီး၊ (၅) အိမ်ထောင်စု မှာ (၃-၅) လအထိ ဝမ်းစာဖူလုံမှုရှိပါသည်။ အိမ်ထောင်စု (၃၅) မှာ (၆)လ နှင့်အထက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်နပ်မှန်အောင်စားနိုင်ကြပါသည်။ ၎င်းတို့သည်လုပ်အား ကြွေးယူခြင်း၊ ဆွေမျိုး၊ မိတ်ဆွေများနှင့် ငွေတိုးချေးစားသူများထံမှချေးယူခြင်း၊ ခေါက်ပြန်ပေး အကြွေးယူခြင်းအပြင် လုပ်အားခဖြင့်ဝယ်ယူခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင် သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်း နေကြရပါသည်။ ငွေကြေး အရင်းအနှီး မဖူလုံသော ဆင်းရဲသားတောင်သူ များအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။ မိုးရာသီ မိုးအများဆုံး ရွာသွန်းချိန် ဝါဆို၊ ဝါခေါင်လများတွင် ရံဖန်ရံခါကွင်းရေကြီးလာလျှင် အခက်အခဲ ကြုံတွေ့နိုင် ပါသည်။ စိုက်ပျိုးသီးနှံများ ပျက်စီးမှု ကြုံလာရသောကြောင့် အချိန်ကာလကြာမြင့်လာလျှင် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်သော ကျေးရွာလူထု စီးပွားရေး ထိခိုက်လာနိုင် ပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ဖောင်ရိုးချောင်း**ကျေးရွာတွင် ကျန်းမာရေးအတွက်ချို့တဲ့မှုရှိလာပါက ကျေးရွာအနီးအနားရှိ ကျေးရွာမှ ဆေးပေးခန်းသို့ သာမာန်အဖျားရောဂါများ သွားရောက်ကုသနိုင်သော်လည်း အရေးပေါ်ကိစ္စရပ်များ အတွက် ကိုမူ ညောင်တုန်းမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက် ပြသ ကြပါသည်။ ကျေးရွာနှင့်မြို့နယ်ဆေးရုံသည် (၆) မိုင်သာကွာဝေးသောကြောင့် ကျန်းမာရေး စောင့်ရှောက်နိုင်ရေး အတွက်သွားလာမှု အခက်အခဲ အသင့်အတင့် ရှိပါသည်။** ကျေးရွာအတွင်းတွင် အိမ်ထောင်စုအားလုံးနီးပါး လက်နှိပ်တုံကင်တွင်းရှိပါသည်။ သုံးရေသာ အများဆုံးရပြီး သောက်ရေအတွက မြစ်ရေ၊ မိုးရေ၊ ရေသန့်နှင့် အဝီစိတွင်းများမှ ရရှိသောကြောင့် သောက်ရေ အတွက်လုံလောက်မှုရှိသည်။ **ကျေးရွာတွင် ယင်လုံအိမ်သာကို အိမ်ထောင်စုတိုင်း သုံးစွဲသောကြောင့် ကျန်းမာသန့်ရှင်းမှုကို အလေးထားသော ကျေးရွာ ဖြစ်ပါသည်။**

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဖောင်ရိုးချောင်းကျေးရွာ၏ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းသား (၇၅) ဦး ရှိပါသည်။ မူလတန်းအဆင့်အောင်မြင်သူများမှာ(၁)မိုင်ခန့် ကွာဝေးသော တာကွေကျေးရွာ အခြေခံ ပညာအထက်တန်း ကျောင်းတွင် သွားရောက် ပညာသင်ကြားကြပါသည်။ ကျောင်းအကျိုးတော် ဆောင်များနှင့် ကျောင်းသား မိဘများအားလုံးပါဝင်သော မိဘဆရာအသင်းသည် စုစည်း တက်ကြွစွာဖြင့် လိုအပ်ချက်များကိုပူးပေါင်း ဆောင်ရွက်ကြသောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် အခက်အခဲများ မရှိ လုပ်ဆောင်နိုင်ပါသည်။

ဖောင်ရိုးချောင်း**ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသည်။ စပါးကို မိုးရာသီ နှင့် နွေရာသီတွင်စိုက်ပျိုးကြသည်။ နွား၊ ဝက်၊ ကြက်၊ ကွဲ၊ ဘဲများမွေးမြူကြသော်လည်း ဝက်၊ ကြက်၊ ဘဲများကို စီးပွားဖြစ်မွေးမြူခြင်းရှိပြီး စိုက်ပျိုးရေးမလုပ်သော အိမ်ထောင်စုများအနေဖြင့် ဈေးဆိုင်၊ အရောင်း အဝယ်နှင့်ကျပန်း/ဘောက်လုပ်ကိုင်ဆောင်ရွက်ကြသည်။ ရာသီကုန် သီးနှံ ဖြစ်သော ဘူး၊ ဖရုံ၊ သခွား၊ ငရုပ်၊ ကွမ်း၊ ပြောင်း၊ ပဲ စသည့်သီးနှံများကို လည်း စိုက်ပျိုး ကြသည်။ တက္ကသိုလ်ဘွဲ့ရများရှိသောကြောင့် အစိုးရ ဌာနများတွင်တက်ရောက် အမှုထမ်းနေသော အစိုးရ ဝန်ထမ်းများလည်းရှိသည်။**

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ဖောင်ရိုးချောင်း ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများအနက် အမျိုးသမီးမှာအမျိုးသား ဦးရေနှင် ညီမျှမှုရှိပါသည်။ စပါးကြဲချိန်တွင် အမျိုးသားတစ်ဦးလျှင် (၆,၀၀၀) ကျပ်ခန့် ရရှိကြသည်။ **နေ့စား အလုပ်လုပ်ကိုင်သူ များမှာ တစ်နေ့လျှင်လုပ်အားခကျား (၆၀၀၀) ကျပ်၊ မ (၄၀၀၀) ကျပ် ရရှိပါသည်။** ကျေးရွာ၏ စာတတ်မြောက်မှု တွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသားဦးရေမှာ ပိုမိုများပြား ပါသည်။ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများပါဝင်မှုမရှိသော်လည်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များ ဆောင်ရွက်ရာတွင် အမျိုးသမီးများတက်ကြွစွာ ပူးပေါင်းပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ဖွံ့ဖြိုး တိုးတက် ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်း ကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်။ ကျေးရွာတွင် အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ် အကြမ်းဖက်မှု၊ တိုင်ကြားမှုများမရှိပါ။ လူနေမှု အဆင့်အတန်း ခွဲခြားဆက်ဆံမှုမရှိပဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး စည်းလုံးညီညွတ်စွာနေထိုင်သော ကျေးရွာ တစ်ရွာ ဖြစ်ပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန် စေရန်များစွာ အထောက်အကူ ပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ဖောင်ရိုးချောင်း**ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ၊ မိဘဆရာ အသင်း၊ ရပ်မိရပ်ဖ၊ ဂေါပက၊ ကျောင်းအကျိုးတော်ဆောင်၊ ပြည်သူ့စစ်အဖွဲ့တို့သည် ကျေးရွာ၏ သာရေး နာရေး ကိစ္စ**ရပ်များကို **ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ယခုအခါတွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လမ်းညွှန်ချက်ဖြင့်** ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/ရွာ သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော် မတီသည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ဖောင်ရိုးချောင်း **ကျေးရွာရှိ လယ်သမားများ၏ အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီ တစ်ရာသီတွင်သာစိုက်ကေ(၄၀) ခန့် စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ခင်းအားလုံးသည် မျိုးစေ့ကြဲ စနစ်ကို ကျင့်သုံးကြပါသည်။စိုက်ပျိုးရေးချေးငွေများကိုမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသော ချေးငွေမှာမြေပြင် ပြင်ဆင်စရိတ်နှင့် စိုက်ပျိုးစရိတ်အထိ အထောက်အကူပြုပါသည်။ သို့သော် ဓါတ်မြေဩဇာနှင့် ရိတ်သိမ်း စရိတ်တို့အတွက်ပြင်ပလုပ်ငန်းရှင်များနှင့်ဓါတ်မြေဩဇာ အရောင်းဆိုင် တို့မှအတိုးနှုန်း(၃)ကျပ်မှ(၅)ကျပ်၊ အလွတ်ချေးငွေများအတွက် အတိုးနှုန်း(၆)ကျပ်အထိလိုအပ်သော ချေးငွေများ ချေးယူရပါသည်။ နွေစပါး ပြုပြင်ချိန်တိုတောင်းခြင်းနှင့်ရာသီချိန် တိုတောင်းခြင်း တို့ကြောင့် လယ်သမားအားလုံးကြဲခင်းသာပြုလုပ်ကြ ပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဓိက အားထားလုပ်ကိုင်ကြပါသည်။**

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဖောင်ရိုးချောင်းကျေးရွာတွင်စိုက်ပျိုးရေးမဟုတ်ပဲ အခြားစီးပွားရေးလုပ်ကိုင်သူများ မှာ စျေးဆိုင်၊ အရောင်းအဝယ်၊ ပန်းရန်-လက်သမားအစရှိသည့်လုပ်ငန်းများလုပ်ကိုင်ကြသည်။ နေ့စား လုပ်ကိုင်ကြသူ များမှာ လည်းလယ်ထဲတွင်စက်မောင်းခြင်းစသည့်လုပ်ငန်းများကိုလုပ်ကိုင် ကြသည်။ တစ်နေ့လျှင် ကျား(၆၀၀) ကျပ်မှ (၁၀၀၀)ကျပ်အထိ မ (၄၀၀) ကျပ်ရရှိပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ဖောင်ရိုးချောင်း ကျေးရွာတွင် စိုက်ပျိုးရေးတွင် သဘာဝမြေဩဇာများကိုအသုံးပြုမှု နည်းပါးလာပြီး ဓါတုမြေဩဇာများ၊ ဓါတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမိုအသုံးပြု ကြလာသောကြောင့် စိုက်ပျိုး မြေများမှာမြေဆီဩဇာများခန်းခြောက်လာပြီးမြေဆီလွှာ ပျက်စီးမှုများ ဖြစ်ပေါ် နေပါသည်။ မြေလွှာပျက်စီးလာ သောကြောင့်သဘာဝအပင်မျိုးစိတ်များလည်း ရှားပါးလာကာ အပင်များအတွက် ရောဂါကာကွယ် ထိန်းချုပ်မှု အားနည်းလာသဖြင့် ဖျက်ပိုးများ ကြရောက်မှု ရှိနေပါသည်။ **ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်း ပေးခြင်း၊ ကြိုတင်စီမံ**

ပေးခြင်း မရှိပါ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် နိုင်ရန်အတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရ ပါသည်။ ကျေးရွာအုပ်စုအတွင်း ရဲကင်းရှိသောကြောင့် ကျေးရွာ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆင်ပြေပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့သည် ငွေချေးရန်အရင်း အမြစ်များ ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကော လျှင် (၁၅၀,၀၀၀) ကျပ်နှုန်းထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးငွေမှာ (၁,၅၀၀,၀၀၀)ကျပ်ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၈၀) ကျပ်နှုန်းဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။ လယ်သမားများ အနေဖြင့် လုံလောက်သော ချေးငွေ မရရှိသဖြင့်အပြင်လုပ် ငန်းရှင်များထံမှ ငွေတိုးချေးယူသုံးစွဲရပါသည်။ ချေးငွေ အတိုးနှုန်းများ သည့်အတွက် လုံလောက်သောချေးငွေပမာဏ အား နှစ်ရှည် (အနည်းဆုံး ၃ နှစ်) ထုတ်ချေးမည် ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ် ရန် (၅,၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့် ပုံစံ (၂) မျိုး ရှိပါသည်။ အတိုးနှုန်းလည်းမတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေး နိုင်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ဖောင်ရိုးချောင်း ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး မူလတန်းအဆင့်အောင်မြင် သူများသည် ဆားမလောက်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက် တက်ကြရပါသည်။

ကျေးရွာအတွင်းတွင် ကျန်းမာရေးအတွက် ကာကွယ်ဆေးထုံးနှံမှုများ လစဉ်ကျန်းမာရေး ဝန်ထမ်းများမှ ထိုးနှံပေးသောကြောင့် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ဖြစ်ပေါ် လေ့ရှိသော ရောဂါများ ကင်းဝေးကြရသည်။ သာမန်အဖျားများအတွက် ကျေးရွာရှိ ဆေးဆိုင် များတွင် ရောင်းချသော ဆေးများဖြင့် ပျောက်ကင်းသော်လည်း ဆိုးဝါးသောရောဂါများနှင့် မတော်တဆဖြစ် ပွားမှုများအတွက် ကျေးရွာနှင့် (၆) မိုင်ကွာဝေးသော ညောင်တုန်းမြို့သို့ သွားရောက်ကုသကြရပါသည်။ လမ်းပန်း ဆက်သွယ် ရေးတိုးတက်ကောင်းမွန်လာပါက ကျန်းမာ

ရေး အတွက်သာမက ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာမည်ဖြစ်ပြီး စီးပွားရေးအခွင့်အလမ်းကောင်းများ ပွင့်လင်းလာမည်ဖြစ်ပါ သည်။

ဖောင်ရိုးချောင်း**ကျေးရွာတွင်မြစ်ချောင်းများမှရရှိပြီးသောက်သုံးရေအရည်အသွေးစမ်းသပ်စစ်ဆေးထားမှုမရှိဘဲ သောက်သုံးရေရရှိနိုင်မှုနှင့်လုံလောက်မှုအခြေအနေမှာရာသီ မရွေးရရှိနိုင်ပါသည်။**

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ယခင် ကတည်းကဖွဲ့စည်းခဲ့သော ဝတ်ရွတ်အသင်းအား ယနေ့အချိန်အထိ ကျေးရွာလူငယ်များမှ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။လူငယ်များအတွက် အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့်အထောက်အကူပြုပစ္စည်းများမရှိခြင်းအတွက် ကိုယ်ကာ ယသန်မာမှုအတွက် အားကစား ဝန်ဆောင်မှုများ လိုအပ်နေပါသည်။ လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေးလုပ်ငန်းများတွင် အားတက် သရောပါဝင်လုပ်ဆောင်သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု အားနည်းနေပါသည်။ ကျေးရွာမှ လူကြီးများ၏ လက်တွဲခေါ်ယူမှုကလည်းလိုအပ်နေပါသည်။ လူငယ်အဖွဲ့စနစ်တကျ ဖွဲ့စည်းရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်အဆိုပြုကြပါသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ဖောင်ရိုးချောင်းတွင်း**ကျေးရွာလမ်းသည် ၂၀၂၀ခုနှစ်၌ (၄)ပေအကျယ်၊ ထု(၄.၅)လက်မ၊ အရှည် (၃၅၀၀)ပေ ရှည်သောကျေးရွာကွန်ကရစ်လမ်းကိုခင်းခဲ့ပါသည်။** ဖောင်ရိုးချောင်း**ကျေးရွာတွင် သယ်ယူ ပို့ဆောင်ရေး ကဏ္ဍ၌ ကုန်းလမ်းကိုအဓိကအသုံးပြုနိုင်ပါသည်။ ကျေးရွာအတွင်းသယ်ယူပို့ဆောင်ရေးအတွက်**
အသုံးပြုသောယာဉ်များမှာစက်ဘီး(၁၅၀)စီး၊ဆိုင်ကယ်(၁၆၀)စီး၊
ထော်လာကျီ(၁၅)စီး၊ကုန်သယ်ကား(၅)စီး
ရှိပါသည်။စက်ဘီး၊ဆိုင်ကယ်၊ထော်လာကျီများကိုရာသီမရွေးအဆင်ပြေစွာသုံးစွဲနိုင်ပါသည်။

ကျေးရွာမီးအလင်းရောင်အတွက် ဆိုလာများမှ လျှပ်စစ်မီးရရှိသုံးစွဲပြီး မဟာဓါတ်အားလိုင်းမှ လျှပပ်စစ်မီး အိမ်ထောင်စုတိုင်းရရှိရေးအတွက် ဆောင်ရွက်ပါသည်။

ကျေးရွာတွင် တယ်လီဖုန်းလိုင်းနှင့် ဂြိုလ်တုစလောင်များမှဖမ်းယူကြည့်ရှုနိုင်သော်လည်းအင်တာနက်လိုင်းကောင်းမွန်စွာအသုံးပြု၍ရ ပါသည်။ဖုန်း၊စလောင်း၊ရေဒီယိုတို့ကို အသုံးပြုနိုင်သောကြောင့် သတင်းအချက်အလက်များကိုအချိန်နှင့်တပြေးညီရယူနိုင်ပါ သည်။ဆက်သွယ်ရေးကောင်းမွန်ပြီးလမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာသည် မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြဿနာ ကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ ဘုန်းတော်ကြီးများ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။အမှုအခင်းဖြစ်ပွားလေ့မရှိပါ။ကျေးရွာတည်ငြိမ်အေးချမ်းရေး အတွက် ကျေးရွာ ရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ လူငယ်များ ပူးပေါင်းဆောင်ရွက်မှုများ ရှိပါသည်။

(ဉ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့် အတား များနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဖောင်ရိုးချောင်း ကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်းမှာ ကျေးရွာလူဦးရေ၏(၅၀)% ခန့် ရှိပါသည်။ ထို့အပြင်တက္ကသိုလ်ဘွဲ့သောလူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသောအလေ့အထကောင်းများကလည်းအနာဂတ်ကာလအတွက်အားရဖွယ်ရာပင်ဖြ စ်သည်။

ဖောင်ရိုးချောင်းကျေးရွာသည် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးကို လုပ်ကိုင်ကြသောကြောင့် မိုးစပါး၊ နွေစပါး၊ မတ်ပဲကို စိုက်ပျိုး ထုတ်လုပ်နိုင်သည်။သီးနှံများရောင်းချချိန်တွင် စပါး၊ ပဲစျေးနှုန်း မကောင်း၍ မိမိလုပ်အားခပြန်ရရုံထုတ်လုပ်မှုအဆင့်သာရှိပြီး လယ်သမားမိသားစုများနှင့် ကျပန်းလုပ်ငန်းများ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးလာပြီး၊ စပါး အခြေခံရောင်းဝယ်မှု၊ ထုတ်လုပ်မှု လုပ်ငန်း အဆင့်ဆင့်များတွင်ရောင်းဝယ်ဖောက်ကားသူစသည်ဖြင့်စပါးထုတ်လုပ်မှုတစ်ခုမှ

ကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို အတန်အသင့်သာ ဖူလုံစေသည်ဟု ဆိုရမည်ဖြစ်ပါသည်။ရာသီဥတု အနေအထားမှာ စိုက်ပျိုးရန် သင့်တော်သော ရာသီဥတု ဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက်ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုရှိပြီး သီးနှံမျိုးစေ့များ၊ မြေဩဇာများ၊ အခြားသွင်း အားစုများကိုဝယ်ယူရရှိနိုင်သော အခွင့်အလမ်းများရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် အလုပ် သမားများ ငှားရမ်း နိုင်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့်အိမ်ထောင်စုအများစုမှ အသက်မွေးမှုပြုကြသဖြင့်မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူနိုင်ခြင်း၊ သမဝါယမ ချေးငွေ စသည်ဖြင့် ချေးငွေများကို လက်လှမ်းမီသည့်အတွက်ကြောင့် မိမိတို့အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် သင့်တော်သော ရင်းနှီးငွေ ပမာဏအား ရရှိနိုင်ပါသည်။

မြို့နယ်ဆေးရုံနှင့် (၆)မိုင်ခန့်ကွာဝေးသောကြောင့် ကုန်းလမ်းဖြင့် သွားလာကြရသည်။ **ကျေးရွာတွင် ကလေး၊ လူကြီး၊ ကျား၊ မ မရွေး ကျေးရွာ၏ သာရေး၊ နာရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများကို တက်တက်ကြွကြွ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပြီး အိမ်ထောင်စု တစ်စုနှင့်တစ်စု မိသားစုသဖွယ် နေထိုင်ကြသောကြောင့် ကြီးမားသော မှုခင်းဖြစ်ပွားမှု အခြေအနေနည်းပါးကာ ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သော အခွင့်အလမ်း တစ်ရပ်လည်းဖြစ်စေသည်။**

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့အစည်းများရှိသော်လည်း သက်ဆိုင်ရာ ဌာနများ နှင့် ချိတ်ဆက်ဆောင်ရွက်ရန် အားနည်းနေသေးသည်။

ကျေးရွာတွင်စိုက်ပျိုးသီးနှံများထွက်ရှိပြီးအချိန်မှီရောင်းချနိုင်သည်။ထို့ကြောင့်ထိုက်သင့် သောဈေးနှင့် ဈေးနှုန်းမှုန်ကန်စွာရောင်းချနိုင်သည်။

အသင်းစု **ကျေးရွာတွင် စပါးနှင့် မတ်ပဲကိုသာ အဓိကထားစိုက်ပျိုးကြသောကြောင့် စပါးများ ရိတ်သိမ်းရာတွင် ရိတ်သိမ်းခွေ့လှေ့စက်ဖြင့် ရိတ်သိမ်းကြပြီးအချိန်အတိုအတွင်း လုပ်ငန်း ပြီးစီးမှုရှိသော်လည်း ငှားရမ်းခဈေးကြီးခြင်း၊ အလွယ်တကူငှားရမ်း မရနိုင်ခြင်းတို့ကြောင့် လုပ်ငန်းခွင် အခက်ကြုံရသည်မှာ တောင်သူ လယ်သမားတိုင်းကြုံတွေ့ရသည်။**

စပါးအထွက်တိုး နည်းပညာများကို နည်းပညာ ဝန်ဆောင်မှု အဖွဲ့များထံမှ ရရှိနိုင်သော်လည်း လိုအပ်သော သွင်းအားစုများကို အချိန်မီ ထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အထွက်တိုးနည်း ပညာ များ၏ ရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာ ပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံး အကျိုးအမြတ် ဖြစ်ထွန်းလာရန် များစွာအချိန်ယူရအုံးမည် ဖြစ်ပါသည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများအား စီးပွားဖြစ်မလုပ်ကိုင်ကြပါ။ မွေးမြူသည့် နည်းပညာနှင့် ရင်းနှီးမြုပ်နှံမှု စရိတ်ထုတ်ချေးပေးနိုင်ပါက ပို၍အဆင်ပြေမည်ဖြစ် ပါသည်။ ကြက်၊ ဝက်၊ ဘဲ များအားစီးပွားဖြစ်မမွေးမြူပါ။

ပညာရေးတွင် ဆင်းရဲသော မိသားစုများမှ ကျောင်းသား/သူ များအဖို့ ကျောင်းစရိတ် အတက်နိုင်၍ ကျောင်းတက်ရန် အခက်အခဲများ ရှိခြင်းကြောင့် မူလတန်းအဆင့် ကျောင်းထွက်နှုန်း အသင့်အတင့် ရှိသည်။ ကျေးရွာ စာသင်ကျောင်းတွင် ကျောင်းသုံးစာအုပ် နှင့် စာရေးကိရိယာများ မလုံလောက် သည်အတွက် ကျောင်းသား/သူများအတွက် အခက်အခဲများ ရှိနေပါသည်။

ကျန်းမာရေးကုသမှုအတွက်နီးစပ်ရာ ကျေးလက်ဆေးပေးခန်းသို့သွားရောက် ကုသမှုခံယူနိုင်ပသည်။ ရွာ၏ အနီးအနားတွင် ရောဂါများကုသရန် ဆေးနှင့် ဆေးဘက် ဆိုင်ရာ ပစ္စည်းများ ပြည့်စုံစွာ မရှိခြင်း၊ ကျေးရွာရှိ ကျေးရွာသူ/သားများသည် ကျန်မာရေးနှင့် ပတ်သတ်၍ အသိအမြင် ဗဟုသုတအားနည်းခြင်း များအား အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးနိုင်လျှင် ကျန်းမာရေး အတွက် ပိုမိုကောင်းမွန်လာမည် ဖြစ်ပါသည်။

(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ဖောင်ရိုးချောင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကွင်းဆင်းအဖွဲ့ဖြင့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့်

ပန်းတိုင်ရောက်ရှိရေး အကောင်အထည် ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေး ဖော်ထုတ် ခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက် ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ် များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၁၈ မှ ၂၀၂၂) (၅ နှစ်တာ ကာလ)အတွင်း အောက်ပါ အတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည်စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ်ကိုင် နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေ ရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာ ရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာရမည်။

(၃) ရွာလူထုသည်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်၊ သန့်ရှင်းသော သောက်သုံးရေရရှိရန်နှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက် ပြီး လူနေမှု အဆင့်အတန်း မြင့်မားလာရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက် ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက် ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုး တက်လာ စေရန်အတွက် **အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက် များသော စပါးမျိုးများ ကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ၊ ပိုးမွှား ရောဂါကာကွယ်ရေး နည်းလမ်းများ အတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါ သည်။**

(၂) လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံ များ လုပ်ဆောင် ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေး နည်းပညာသင်တန်းများဖြန့်ဝေခြင်းတို့ကိုလုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) **ကျေးရွာအတွင်းရှိ လူငယ်များ၏** အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသ အတွင်း စက်ရုံ အလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်း နည်းပညာ သင်တန်းများ အတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ စျေးကွက်ထိုးဖောက်မည့် အကျိုး တူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်း အကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ စျေးနှုန်း ပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေ လက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အစီအစဉ် ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှု မရှိသောကြောင့် ချေးငွေ ထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေပါမည်။

(၅) ကျေးရွာတွင်း လမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများ အတွက် သက်ဆိုင်ရာ ဦးစီး ဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထု လုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျ သော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ဤအခန်း ကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်

ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေး ဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ဖောင်ရိုးချောင်းကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက်လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာ များတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံ စိုက်ပျိုးသူ တောင်သူ များအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ တောင်သူ အများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေး ပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေး နိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက် နှင့်အညီ ပြောင်းလဲသင့် ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့် ဆည်းပေးခြင်း

ဖောင်ရိုးချောင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုး ထုတ်လုပ် သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ် သည်။ ညောင်တုန်းမြို့နှင့် မဝေးလှသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော် သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန်

ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြ ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေး ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် အခြား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့ အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါ လှုပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေး ဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများ ဖြင့် ချိတ်ဆက်ရန် လိုအပ် ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက် မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန် ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေး ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင် ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသ တွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေ ရရှိမှုကို မြင့်မားလာခြင်း၊ အခြား ဒေသများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာ ဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေး နှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများ အဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထား သည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝ ဘေး အန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမ ရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည် ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း သည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ် နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက်	မှတ်ချက်
အုပ်ချုပ်ရေး ကဏ္ဍ					
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	၁။ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။			• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း	
စိုက်ပျိုးရေး ကဏ္ဍ					
အခြေခံ အဆောက်အဦး နှင့် နည်းပညာ သင်တန်း	၂။ လမ်း၊တံတားစိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး			• ကျေးရွာလမ်းကွန်ကရစ်ခင်းရန် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန် • ဈေးကွက် နှင့် သတင်းချိတ် ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း • မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း • စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ) • ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုး မြှင့် ထုတ်ကုန် ဈေးကွက်သို့ တက် လှမ်းခြင်း။ • ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်း နိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း	

တိရစ္ဆာန် မွေးမြူရေးနှင့် ရေလုပ်ငန်း		
ဈေးကွက်နှင့် နည်းပညာ သင်တန်း	၃။ ငါးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး	• ငါးအခြေခံ ကုန်ချောများ ရောင်းချနိုင်ရန် ဈေးကွက်သဘောတရား နား လည်မှု စွမ်းရည်မြှင့်တင်ရေး။ • ကုန်ချောထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်အား နားလည်မှု စွမ်းရည် မြှင့်တင်ရေး။
အခြား ဝင်ငွေရ လုပ်ငန်းများ		
သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း	၄။ အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး	• ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းများ ပေးခြင်း • ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်း ပညာများပေးခြင်း (အလှပြင်၊ မုန့်လုပ်၊ စက်ပြင်၊ဆိုင်ကယ်ပြင်) • ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုးရေး
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း		
ချေးငွေ လက်လှမ်းမီရေး	၅။ သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး။	• ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း • အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း • ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း
ကျန်းမာရေး		
ကျန်းမာရေး တိုးတက်လာစေရေး	၇။ ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာ စေရေး	• ကျေးလက် ကျန်းမာရေးဆေးပေး ခန်းနှင့် ကျန်းမာရေး ဝန်ထမ်းရရှိရန် မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း

- ယင်လုံအိမ်သာများ ဆောက်လုပ် အသုံးပြုရန် တိုက်တွန်းခြင်း
- ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာ၏အခြေခံအဆောက်အဦကဏ္ဍ တိုးတက်လာစေရေး၊ ကျေးရွာလမ်း ဆောင်ရွက်နိုင်ရေး	၁		√	√		
၂	ကျေးရွာအတွင်း လျှပ်စစ်မီး ဆောင်ရွက်ခြင်း	၂			√		
၃	ကျေးရွာ ရေပေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း	၃			√	√	
၄	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။	၄				√	
၅	အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး	၅				√	√

(ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက် မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့် ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊

အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကိုပြုပြင် ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့ များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ် ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက် များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာ ကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ် ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင် မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	သာမန်အသုံးစရိတ်	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)		
				ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်း
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	စာနာမှုအထောက်အပံ့

၁	ကျေးရွာ၏အခြေခံအဆောက်အဦ ကဏ္ဍ တိုးတက်လာစေရေး၊ ကျေးရွာလမ်း ဆောင်ရွက်နိုင်ရေး
၂	ကျေးရွာအတွင်း လျှပ်စစ်မီး ဆောင်ရွက်ခြင်း
